
ရူးရူး
လုံးချင်းဝတ္ထုသစ်
မေ့, မရသော...
"နောင်တ" တွေကသာ
"အက်စစ်" ဖြစ်ခဲ့ရင်
"ငါ" ဆိုတာ...
အစအနတောင်ရှိတော့မှာ မဟုတ်ဘူး။

# Introduction

အသေးအဖွဲ့လေးတစ်ခုလို့ ထင်မှတ်ထားတဲ့ အရာက တစ်ခါတလေ အသက်တမျှ အရေးကြီးလာတတ်ပါသည် ။

ပေါ့လျှော့လှတဲ့ အတွေးအခေါ်လေးတစ်ခုကြောင့် တစ်ဘဝလုံး နောင်တတွေနဲ့ အသက်ရှင်သွားရလေ့ရှိ၏။

အရာအားလုံးကိုပိုင်ဆိုင်ပြီးပြီ ဆိုရင်တော့ တစ်ခါက မေ့မရစွာချစ်ခဲ့သောသူကို ပိုင်ဆိုင်ရဖို့ လူတိုင်းလိုလို ကြိုးစားအားထုတ်လေ့ရှိပါသည် ။

တစ်ခါကဖြစ်သော၊

အားလုံးထက် ပိုပြီး ချစ်ခဲ့မိသော လူတစ်ယောက်။

ထိုလူကို ပိုင်ဆိုင်ရဖို့ ကြိုးစားရပါတော့မည်။

***

ကြာမြင့်နေပြီ။

မျက်လုံးမှိတ်လိုက်ရင်တောင်

မင်းပုံရိပ်တွေက ဝေဝါးနေပြီ။

ဒါပေမဲ့ မင်းအတွက်ဆို

ရင်ခုန်သံကတော့ လတ်ဆတ်ဆဲပါပဲ။

***

# အခန်း (၁)

တီဗွီ Program ရိုက်ကူးမည့် Studio အရှေ့တွင် ခါတိုင်းနေ့နှင့် မတူပဲ ယနေ့ လူအများ သိသိသာသာ များ ပြားလျက်ရှိပါသည် ။

ရှိနေသည့် လူတိုင်းလိုလိုလက်ထဲတွင် Camera တို့ ၊ DV Camera တို့ကို ကိုယ်စီကိုယ်စီ ကိုင်ဆောင်ထားရင်း တစ်ဦးတစ်ယောက်ကို အသည်းအသန် စောင့်မျှော်နေကြပါသေးသည် ။

"ဟဲ့… သဲသဲ။ နင်ကလည်း နောက်ကျလိုက်တာ"

"ဟုတ်လား? ငါနောက်ကျသွားပြီလား။ ဒါဆို သူလာသွားပြီပေါ့"

"မဟုတ်ပါဘူး။ နင်လာတာတော့နောက်ကျတယ်။ ဒါပေမဲ့ သူတော့ မလာသေးဘူး…"

"အော်… နင်ကလည်း တကယ်တည်း။ ငါ့မှာ ရင်ကိုထိတ်သွားတာပဲ ။ သူများ လာသွားပြီလားလို့ "

စောင့်မျှော်နေကြတဲ့ လူအုပ်ထဲမှ အများ စုက ဆယ်ကျော်သက် မိန်းကလေးများ ဖြစ်သည် ။ ဒီနေရာသို့ ယနေ့ရောက်လာမည့် လူကို မနက်ကတည်းက ကားနှင့် တစ်မျိုး၊ လိုင်းကားနှင့် တစ်မျိုး၊ Taxi နှင့် တစ်ဖုံ လာစောင့်နေကြခြင်းဖြစ်ပါသည် ။

"ဒီနေ့ သူရောက်လာရင်တော့ သူနဲ့ အတူတွဲပြီး ဓာတ်ပုံရိုက်ခွင့်ရ

အောင်ကို ရိုက်မယ်ဟာ"

"အေး။ တကယ်လို့ သူနဲ့ တွဲပြီး ဓာတ်ပုံမရိုက်ရရင်လည်း သူ့ကိုအနီးကပ်တစ်ပုံတော့ ရိုက်လို့ ရအောင်ကို ရိုက်လိုက်မယ်"

"ဒါဆို ပြီးရင် ငါ့ကိုလည်း ကူးပေးဦးနော်"

"အေးပါဟ"

စောင့်မျှော်နေကြသည့် လူအုပ်ကြီးက သူ့ဓာတ်ပုံရရေးအတွက် အမျိုးမျိုး စိတ်ကူးယဉ်နေကြပါသေးသည် ။

ထိုစဉ် BMW 7 Series ကားတစ်စီးမောင်းလာသည် ကို လူအုပ်ထဲမှ လူအချို့ကမြင်သွားပြီးသည် နှင့် အော်ဟစ်သံများ တီးတိုးပြောသံများ ဖြင့် Studio အရှေ့တွင် ဆူညံသွားပါတော့သည် ။

"အမလေး။ လာပြီတော့။ လာပြီ"

"ဟုတ်တယ်။ ဟုတ်တယ်။ အဲ့ဒါ လွင့်တိမ်ကားပဲ။ လွင့်တိမ်ကား"

ပြောဆိုနေတုန်းမှာ ပင် ကားကလည်း Studio အရှေ့တွင် အရှိန်လျော့ ရပ်တန့်သွားပြီဖြစ်သလို အဆိုတော် လွင့်တိမ်၏ ကားပတ်ပတ်လည်တွင် လည်း သူ့ ပရိသတ်များ တိုးဝှေ့ကာနေရာယူလိုက်ပြီဖြစ်ပါသည် ။

ထို့နောက် ကားပေါ်မှ ဆင်းလာသော လွင့်တိမ်ကို ဓာတ်ပုံရိုက်ခြင်း၊ အော်တိုလက်မှတ်ထိုးခိုင်းခြင်း၊ လွင့်တိမ်နှင့် ဓာတ်ပုံအတူတွဲရိုက်ခြင်း၊ လွင့်တမ်ကို ပန်းစည်းပေးခြင်းများကို ပြုလုပ်ကြပါတော့သည် ။

အဆိုတော်လွင့်တိမ်ကလည်း သူ့ဘော်ဒီဂတ်များက တားနေလျက်နှင့် ပရိသတ်များ အလိုကို အပြုံးမပျက် ဖြည့်ဆည်းပေးနေပါတော့သည် ။

"ကိုလွင့်တိမ် ဒီကို ဘာအစီစဉ်လာရိုက်တာလဲဟင်?"

"တစ်ခါက မေ့မရသောသူဆိုတဲ့ အစီစဉ်ကို လာရိုက်တာခင်ဗျ"

"ကိုလွင့်တိမ် ဒီလထဲ စီးရီးထွက်ဦးမှာ လား?"

"ပြင်ဆင်ဆဲပါပဲ။ ထွက်နိုင်အောင်တော့ ကြိုးစားပါ့မယ်ခင်ဗျာ"

"ကိုလွင့်တိမ် ဒီနေ့ည မျှော်စင်ကျွန်းက စတိတ်ရှိုးမှာ ပါမှာ လားဟင်
"

"ပါမယ်ခင်ဗျ။ မနက်ကမှ ကျွန်တော့်ကို မပါရင် စိတ်ဆိုးမယ်ပြော လို့ ဒီည ဆိုဖြစ်မှာ ပါ"

ဓာတ်ပုံတွဲရိုက်နေရင်း ပရိသတ်၏ မေးသမျှမေးခွန်းကိုလည်း အဆို တော်လွင့်တိမ် ပြန်ဖြေပေးပါသေးသည်။

လွင့်တိမ်ဘယ်လိုပဲ ထိန်းနေထိန်းနေ တဖြည်းဖြည်း များ ပြားလာ သော ပရိသတ်များ ၏ တိုးဝှေ့မှုများကြောင့် လွင့်တိမ်ခမျာ အားလုံးကို တောင်းပန်ပြီး Studio ထဲသို့ အပြေးလေးဝင်ခဲ့ရပါတော့သည်။

အပြင်တွင် ပရိသတ်များ နှင့် ဆူညံနေသလောက် Studio ထဲတွင် တော့ သိသာစွာ တိတ်ဆိတ်နေပါသည်။

"ကိုလွင့်တိမ်... ဒီတစ်ခါလည်း ပြေးလာရပြန်ပြီမို့လား?"

သူ့ကို အပြုံးနှင့် ကြိုဆိုသူကတော့ အစီအစဉ်တင်ဆက်သူ Announc er သူသူပင်ဖြစ်ပါသည်။

"ဟုတ်တယ် မသူသူရယ်။ ကျွန်တော် ထိန်းပါသေးတယ်..."

အားနာပြုံးနှင့် ပြန်ပြောနေသော သူ့စကားကို သူသူက ပြုံးလျက်နား ထောင်ပေးပါသည်။

"ဒီလိုပါပဲ ကိုလွင့်တိမ်ရယ်။ အခု ကိုလွင့်တိမ်က အဆိုတော် Top ten စရင်းထဲမှာ ထိပ်ဆုံးကလူတစ်ယောက်ဖြစ်နေတော့ ပရိသတ်ရဲ့ အားပေးမှုက ဒီလိုပဲ များမှာ ပေါ့"

"ဟုတ်ကဲ့။ ကျွန်တော်နားလည်ပါတယ်။ ဒါနဲ့ ဒီနေ့ ကျွန်တော်ဖြေရမယ့် မေးခွန်းလေးတွေကို သိပါရစေလားခင်ဗျာ"

"ခဏနေပဲ တင်ဆက်မှုကစတော့မှာ ဆိုတော့ အဲတော့ကျမှ ပဲ နားထောင်လိုက်ပါတော့ ကိုလွင့်တိမ်ရယ်။ နောက်ပြီး ကိုလွင့်တိမ် ပရိသတ်ကလည်း ကိုလွင့်တိမ်ရဲ့ မေ့မရတဲ့ လူက ဘယ်သူဖြစ်မလဲဆိုတာ ရင်ခုန်နေကြပြီလေ"

"အစီအစဉ်က တိုက်ရိုက်ထုတ်လွှင့်မှာ ပဲလား မသူသူ"

"ဟုတ်ကဲ့"

"အင်းလေ။ ကျွန်တော်လည်း ပရိသတ် သိချင်နေတဲ့ မေးခွန်းအတွက် အမှန်အတိုင်းပဲဖြေပေးမှာ ဆိုတော့ အစီအစဉ်ထဲမှာ ပဲ မေးခွန်းတွေကို နားထောင်တော့မယ်"

"ဟုတ်ကဲ့ ခဏနေရင် အစီအစဉ်စပါပြီ ကိုလွင့်တိမ်။ အခုတော့ ခဏနားလိုက်ပါဦး"

"ကျေးဇူးပါပဲခင်ဗျာ"

လွင့်တိမ်နားရန် အခန်းတစ်ခန်းပေးထားသည် ဖြစ်ရာ ထိုအခန်းထဲသို့ လွင့်တိမ်နှင့် အတူ သူ့ဘော်ဒီဂတ်များ ဝင်သွားကြလေတော့သည် ။

***

"တစ်ခါကမေ့မရသောသူ" ဆိုတဲ့ အစီအစဉ်သည် နာမည်ကြီးအဆိုတော်များ ၊ အနုပညာရှင်များကို တစ်ယောက်ချင်းစီ အလှည့်ကျမေးမြန်းနေသည့် အစီအစဉ်တစ်ခုဖြစ်ပါသည် ။ Celebrity များ တစ်ခါက မေ့မရသော သူများ အကြောင်းကို မေးမြန်းကြခြင်းဖြစ်ပြီး celebrity များကလည်း ကောင်းမွန်စွာ ဖြေကြားကြသဖြင့် ထိုအစီအစဉ်က လူတိုင်းကြိုက်နှစ်သက်သည့် အစီအစဉ်တစ်ခု ဖြစ်လို့ လာပါတော့သည် ။

ကိုယ်ကြိုက်နှစ်သက်သည့် အနုပညာရှင်တစ်ယောက်အကြောင်းကို သေချာသိရတာကိုပဲ ပရိသတ်များက ကြိုက်နှစ်သက်ကြသည် မဟုတ်ပါ လား။

အခုလည်း အဆိုတော်လွင့်တိမ်၏ တစ်ခါက မေ့မရသောသူ အကြောင်းကို တစ်နိုင်ငံလုံးရှိ လွင့်တိမ်၏ ပရိသတ်များက တီဗွီဖန်သားပြင်အရှေ့ တွင် အားလုံးလိုလို နေရာယူထားကြပြီဖြစ်ပါသ ည် ။

"ကဲ… အခု အားလုံး အဆင်သင့်ဖြစ်နေပြီဆိုတော့ သူသူတို့ ရဲ့ "တစ်ခါက မေ့မရသောသူ" အစီအစဉ်လေးကို စတင်လိုက်ကြရအောင်ရှင်"

Announcer သူသူက အဖွင့်အမှာ စကားဖြင့် စတင်လိုက်ပြီးသည် နှင့် လွင့်တိမ်သည် လည်း သူ့အတွက် ပြင်ဆင်ပေးထားသော နေရာတွင် ဝင်ရောက်ထိုင်လိုက်ပါတော့သည် ။

"အားလုံးသော ပရိသတ်များ ကျန်းမာ၊ ချမ်းသာကြပါစေ"

ထိုင်ခုံတွင် ထိုင်လိုက်ပြီးသည် နှင့် လွင့်တိမ်သည် ပရိသတ်များကို

မေတ္တာပို့သလိုက်ပါသည် ။

"ဟုတ်ကဲ့။ အခုလို အလုပ်မအားလပ်တဲ့ ကြားထဲက သူသူတို့ အစီအစဉ်ကို ပါဝင်ဆင်နွှဲပေးတဲ့ အတွက် ကိုလွင့်တိမ်ကို ပရိသတ်အားလုံး အစား သူသူ ကျေးဇူးတင်ပါရစေနော်"

"မဟုတ်တာ မသူသူ။ တကယ်တော့ ကျွန်တော် ဒီအစီအစဉ်ဖြစ်ပေါ်လာကတည်း ပါဝင်ချင်ခဲ့တာပါ။ အဘက်ဘက်က အခြေအနေမပေးတဲ့ အတွက် အခုမှ လာပြီး ပါဝင်ခွင့်ရပေမဲ့ ကျွန်တော် တကယ်ကျေနပ်နေတာပါခင်ဗျာ။ နောက်ပြီး ကျွန်တော်လည်း ကျွန်တော်ရဲ့ မေ့မရတဲ့ သူက ဘယ်သူလဲဆိုတာ အခုလို လူသိရှင်ကြားဖွင့်ပြောချင်တာ ကြာလှပါပြီ"

လေးနက်စွာပြောလိုက်သော သူ့စကားများကြောင့် သူသူအပါအဝင် အစီစဉ်ရိုက်ကူးနေသူ အားလုံးလည်း ရင်ထဲတွင် လေးနက်သည့် ခံစားချက် တစ်ခု ဖြစ်ပေါ်သွားရပါတော့သည် ။

"ဒါဆို ကိုလွင့်တိမ်ရဲ့ တစ်ခါက မေ့မရတဲ့ သူက ဘယ်သူလဲဆိုတာ ပရိသတ်ကို ပြောပြဖို့ အဆင်သင့်ဖြစ်နေပြီပေါ့"

"ကျွန်တော် နာမည်ကြီးအဆိုတော်တစ်ယောက် စပြီးဖြစ်ကတည်းက အဲဒီ မေးခွန်းကိုဖြေဖို့ အဆင်သင့်ဖြစ်နေခဲ့တာပါ"

"အခုလို နာမည်ကြီးအဆိုတော်တစ်ယောက်ဖြစ်နေပေမဲ့ ရည်းစားလည်း မထား၊ ချစ်သူလည်း မရှိတဲ့ အသက် (၃၀) အရွယ် ကိုလွင့်တမ်ရဲ့ မေ့မရတဲ့ သူဆိုတာ ဘယ်လိုပဲစံဖြစ်မလဲ။ ကိုလွင့်တိမ်တို့ ဘယ်လိုစတွေ့ခဲ့ကြသလဲ အစရှိသဖြင့် သူသူရော၊ ပရိသတ်ကြီးပါ သိချင်နေ ကြပါပြီ"

"ကျွန်တော် ဖြေပေးပါ့မယ်"

သူ ပြောပြီးသည် နှင့် မျက်လုံးများကို ခဏမှိတ်လိုက်မိစဉ်မှာ ပဲ မိန်းကလေးလေးတစ်ယောက်ရဲ့ ပုံရိပ်များက သူ့အာရုံထဲတွင် မပီပြင်စွာ ပေါ်လာပါတော့သည် ။ သို့သော် ထိုမပီပြင်သော ပုံရိပ်များကြောင့် သူ့ရင်ခုန်သံများကတော့ သိသာစွာ မြန်လာကြလေသည် ။

***

"သူ့နာမည်က "ဝိုင်" တဲ့ "

မျက်လုံးမှိတ်နေရာက ပြန်ဖွင့်ရင်း သူ့သူ့ကို သူ ဖြေလိုက်မိပါသည် ။

"ကျွန်တော့်ရဲ့ မေ့မရတဲ့ သူ့နာမည်က ဝိုင်တဲ့ ။ ဒီနေ့အထိ ကျွန်တော် နေ့တိုင်း သူ့ကို သတိရနေတုန်းပဲ။ နောက်ပြီး သူ့မှာ အရမ်းပြည့်စုံတဲ့ အပြုံးချိုချိုလေးတစ်ခုလည်း ရှိတယ်"

ပြောရင်း သူ့အတွေးများက အတိတ်ဆီသို့ ပြေးလွှားကုန်ကြပြီဖြစ်ပါသည် ။

"ကျွန်တော့်အသက် ၂၀ ဝန်းကျင်လောက်က သူနဲ့ စပြီး ဆုံခဲ့ကြတာလေ"

"အော်..."

လေးနက်လှသည့် စကားများကြောင့် သူသူပါ လေးနက်စွာ သူ့စကားများကို နားစွင့်နေပါတော့သည် ။

"ညနေခင်းတစ်ခုမှာ ပေါ့။ ညနေခင်းတစ်ခုဆိုတာထက် နည်းနည်းတော့ ပိုမှောင်လိမ့်မယ်ထင်တယ်။ အဲတုန်းက ကျွန်တော်က ဂီတာတီး

နေတာလေ။ ကျွန်တော်တို့ တွေ့ခဲ့တာ သိပ်တော့ ကဗျာမဆန်ဘူးပေါ့ဗျာ
"

ပြောနေရင်းမှ အတိတ်ဆီသို့ပြေးသွားနေသော သူ့အတွေးများကို သူ လုံး၀ ထိန်းမထားနိုင်တော့ချေ။

***

ပြင်ဦးလွင်မြို့ရဲ့ ညနေခင်းက အအေးဓာတ်ပိုကဲသလို၊ အမှောင်လည်း မြန်လှပါသည် ။ တခြားမြို့တွေမှာ ဆို ညနေခြောက်နာရီက သိပ်မမှောင်သေးသော်လည်း ပြင်ဦးလွင်မြို့ရဲ့ ညနေခြောက်နာရီကတော့ သိသိသာသာမှောင်နေပြီဖြစ်ပါသည် ။

အအေးဓာတ်များ နေသော်လည်း သူ ခါတိုင်း၀တ်နေကြ ရှပ်အင်္ကျီအကွက်ခပ်နွမ်းနွမ်းနှင့် ဂျင်းအပြာကို ၀တ်ဆင်ထားမိပါသည် ။ သူ့နှုတ်ခမ်းတို့ မှာ တော့ အအေးဓာတ်ကြောင့် အသက်ရှူတိုင်း အငွေ့များ ထွက်နေပါသည် ။

အအေးဓာတ်ကို အံ့တုပြီး မြင်းလှည်းဂိတ်မှာ သူကိုယ်တိုင်ရေးစပ်ထားသည့် သီချင်းလေးတစ်ပုဒ်ကို စိမ်ပြေနပြေ တီးနေမိပါ၏။

နေ့လယ်နေ့ခင်းဖက် သူ ဒီမြင်းလှည်းဂိတ်တွင် ဂီတာတီး သီချင်းဆိုနေကျဖြစ်သော်လည်း နာမည်ကြီးအဆိုတော်များ ၏ သီချင်းများကိုသာ ပြန်ဆိုလေ့ရှိပြီး အခုလို ညနေခင်း၊ လူနည်းချိန်တွင် မှ သူကိုယ်တိုင်ရေးသည့် သီချင်းများကို ဆိုလေ့ရှိပါသည် ။

သူ့သီချင်းကို လူတွေကဲ့ရဲ့ မည်ကို သူ အင်မတန် စိုးရွံ့သောကြောင့်

ကိုယ်တိုင်ရေးသီချင်းများကိုတော့ လူသူမရှိတဲ့ အချိန်တွင် တီးခတ်ခြင်း ဖြစ်ပါ သည် ။

"ပြန်လာခဲ့ပါကွာ။ တောင်းပန်ပါတယ်။ အဝေးမှာ နေပြီး အသက်တွေကြီးနေတာကို ရပ်တန်းက ရပ်လိုက်ကြရအောင်ကွာ..."

နောက်ဆုံး သီချင်းပိုဒ်လေးပြီးဆုံးသွားသည် နှင့် သူ ဂစ်တာတီးခြင်းကို ရပ်လိုက်သည် နှင့် တစ်ပြိုင်နက် သူ့ကျောဖက်မှ လက်ခုပ်သံဖွဖွလေးများကို ကြားလိုက်ရပါသည် ။

"ဖျောင်း... ဖျောင်း... ဖျောင်း... ဖျောင်း..."

မကြားဖူးသော လက်ခုပ်သံ။ သူ့ဘဝတွင် ကိုယ်ပိုင်ရေးသည့် သီချင်းအတွက် ပထမဦးဆုံးကြားလိုက်ရသည့် လက်ခုပ်သံ။

အံ့အားသင့်စွာ လှည့်ကြည့်လိုက်မိစဉ် လက်ခုပ်တီးသည့် လူမှာ မိန်းကလေးတစ်ယောက်ဖြစ်နေသည် ကို သူတွေ့လိုက်ရပါသည် ။ ဆောင်းတွင်း အအေးဓာတ်ကို ကာကွယ်ချင်သောကြောင့် ဆွယ်တာဦးထုပ် (နားကိုပါအုပ်ထားသည့် ပုံစံ) ဝတ်ထားပြီး အပေါ်မှ လည်း အနွေးထည်ထူထူ တစ်ထည်ထပ်ဝတ်ထားသည့် မိန်းကလေး။ ဦးထုပ် အောက်မှ သူမဆံပင်ဖြောင့်ဖြောင့်လေးများကိုလည်း တွေ့ရပါသေးသည် ။

နှာခေါင်းချွန်ချွန်၊ မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းဖူးဖူးနှင့် ထိုမိန်းကလေးက အတော်ကြည့်ကောင်းပါ၏။

"တော်လိုက်တာ။ နင့် သီချင်းလေးက အရမ်းကောင်းတာပဲ"

လက်ခုပ်တီးရင်း သူ့ကို ရင်းနှီးစွာ ချီးကျူးလိုက်ပါသေးသည် ။

"ကျေးဇူးပဲ"

သူ လက်ခုပ်သံကြောင့် ရင်ထဲမှာ တော့ တကယ်ပျော်ရပါသည် ။

"အဲဒီသီချင်းကို ဘယ်မှာ မှ မကြားဖူးဘူး။ နင်ကိုယ်တိုင်ရေးတာ လား?"

"အင်း... ဟုတ်တယ်"

သူ ရှက်ရှက်နှင့် ခေါင်းကုတ်ရင်းဖြေလိုက်မိပါသည် ။ ထိုအခါ သူမ လွယ်ထားသည့် လွယ်အိတ်ထဲမှ ဓာတ်ဗူးလေးတစ်ခုကို သူ့ထံသို့ ကမ်း ပေးလိုက်ပါသည် ။

"ရော့... အမောပြေ ကော်ဖီသောက်လိုက်"

ကမ်းပေးရင်း သူ့အနီးသို့လာကာ ကော်ဖီဗူးကိုပေး၏။ သူ စိတ်ထဲက အလိုလို မငြင်းချင်သောကြောင့် ထိုကော်ဖီဗူးလေးကို ယူကာဖွင့် သော က်လိုက်မိပါသည် ။

"ဘာဖြစ်လို့ နေ့လယ်နေ့ခင်းမှာ ဒီလို ကိုယ်တိုင်ရေးတဲ့ သီချင်းတွေ ကို မဆိုတာလဲ? ငါ နင့်ကို နေ့တိုင်းတွေ့ပါတယ်။ သူများ ရဲ့ နာမည်ကြီး သီချင်းတွေပဲ ဆိုဆိုနေတာ"

သူ ပြုံးပြီး ခေါင်းခါပြလိုက်ရုံသာ တုံ့ပြန်လိုက်မိပါသည် ။ သူ့သီချင်း များကို သူများ ကဲ့ရဲ့ မှာ စိုးပြီး မဆိုကြောင်း သူမကို ချက်ချင်းကြီးဖွင့်ပြောပြဖို့ လူက ရှိန်းတိမ်းတိမ်းနှင့် ရှက်နေမိတာအမှန် ပင်။

"နေ့လယ်နေ့ခင်းဆိုရင် လူတွေက သူတို့ ကြိုက်တဲ့ သီချင်းကိုပဲ ဆိုခို င်းလို့ လေ။ ငါ့ရဲ့ သီချင်းကို ဘယ်သူက နားထောင်မှာ လဲ?"

"ငါနားထောင်တယ်လေ"

"အင်း။ အဲ့ဒါကြောင့် နင်က ငါ့ကို ကော်ဖီတိုက်တာပေါ့"

"အင်း... ဟုတ်တယ်။ ဒါနဲ့ ... ဘယ်သူ့ကိုရည်ရွယ်ပြီး နင်အဲဒီသီချင်း ရေးထားတာလဲ?"

သူမထံသို့ ကော်ဖီဘူးပြန်ပေးသော သူ့ကို သူမမေးလိုက်ပြန်သည် ။ သူမကို မော့ကြည့်လိုက်ပြီး သူတွေးမိသည် က ဒီမိန်းကလေး ငါ့ကို အသားလွတ်ကြီး လာရောနေသည် ပေါ့။ နောက်ပြီး သူ့ဆီမှာ များ သူမလိုချင်တာ တစ်ခုခုများ ရှိနေလို့ များ အခုလို လာပြီး ရောနေတာလားပေါ့။ အချိန်ကလည်း အကြောင်းမရှိလျှင် အပြင်မထွက်သည့် အချိန်။ လမ်းပေါ်တွင် လူသူတိတ်ဆိတ်နေသည့် အချိန်ပင်။

"ငါ ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး"

"ဟုတ်လို့ လား။ အပိုတွေ။ နင် တစ်ယောက်ယောက်ကို ရည်ရွယ်ထားပါတယ်။ အဲဒါကြောင့် နင့် သီချင်းသံတွေက သနားစရာကောင်းပြီး စာသားတွေကလည်း ပြန်လာဖို့ တောင်းပန်နေတာလေ။ ရှက်ရှက်နဲ့ မဟုတ်ဘူး လို့ မငြင်းပါနဲ့ ဟာ"

"မဟုတ်ပါဘူး။ တကယ်ပါ။ ငါ ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး"

တကယ်ပါ။ သူ အဲဒီညနေလေးရဲ့ အရင်အချိန်တွေတုန်းက ဘယ်မိန်းကလေးနဲ့ မှ ဒီလောက် ရင်းရင်းနှီးနှီး စကားမပြောဖူးပါ။ နောက်ပြီး သူ အနုပညာကိုခံစားပြီး ရေးခဲ့ရုံသက်သက်သာဖြစ်ပါသည် ။ သူမ စွပ်စွဲသလိုမျိုး တစ်ယောက်ယောက်ကို ရည်ရွယ်ပြီးရေးထားခြင်း အရင်းမဟုတ်။

"နင့်ကိုပစ်သွားတဲ့ တစ်ယောက်ကိုရေးထားတာ မို့လား"

"မဟုတ်ပါဘူး"

"ဒါဆို သူသေသွားတာလား?"

"မဟုတ်ပါဘူး။ သူမသေပါဘူး"

"ဒါဆို နင့်ကိုပစ်သွားတာပေါ့"

"ဘုရားရေ။ နင်ဘာတွေလာမေးနေတာလဲ?"

"နင့် သီချင်းလေးကို သနားလို့ လေ။ ဖြေပါ။ မရှက်နဲ့ "

သူ ဘယ်လိုငြင်းငြင်း သူမက အတင်းကြီး စွပ်စွဲသလိုကိုမေးနေတော့ သူတကယ် အဖြေရခက်နေပါသည် ။ မဟုတ်ဘူး ငြင်းလို့ ဘယ်လိုမှ မယုံသည့် ပုံ။ နောက်ပြီးဘယ်လိုမှ ကို တားလို့ မရသည့် ပုံကြီး။

"သူ ထွက်သွားတာပါ"

"တွေ့လား။ ငါသိပါတယ်။ နင် တစ်ယောက်ယောက်ကို ရည်ရွယ်ပြီး ရေးထားတာပါလို့ ။ ကဲ... ဒါဆို နင် ဒီသီချင်းကို သူ့ကိုပြန်ဆိုပြလိုက်"

"ဘာဖြစ်လို့ ?"

"တကယ်လို့ သူ့အတွက်ရေးထားတယ်ဆိုရင် နင် သူ့ကို အဲဒီသီချင်း သွားဆိုပြဖြစ်အောင် ဆိုပြလိုက်စမ်းပါဟာ။ သူ နင့်ဆီကို ပြန်လာကိုလာစေရမယ်ဟာ၊ အဲဒါ အသေအချာပဲ"

သူမကိုကြည့်ရင်း တစ်ထိုင်တည်း ရိပ်မိလိုက်တာက သူမသည် တကယ်ခေါင်းမာတဲ့ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်းကိုပင်။ တစ်ယူသန်၊ တစ်ဇွတ်ထိုးဆန်တဲ့ မိန်းကလေး။ ဒါပေမဲ့ သူကတော့ သူမနဲ့ စကားပြောနေရတာကို ကျေနပ်ပီတိဖြစ်နေမိပါ၏။

"ဒါနဲ့ ... နင်က ဒီလိုပဲ သီချင်းပဲဆိုနေတာလား။ ကျောင်းတွေ ဘာတွေရော မတက်ဘူးလား"

"ငါ ကျောင်းနားထားတာ။ ဒုတိယနှစ်၊ အီကို"

"အော်… ဒါဆို နင် ဘာအလုပ်မှ မလုပ်ဘူးလား။ ငါဒီက ဖြတ်ဖြတ်သွားတိုင်း နင် ဂစ်တာထိုင်ထိုင်တီးနေတာကိုပဲ တွေ့နေရလို့ "

သူ့ကို သူမ သတိထားမိတယ်ပေါ့။ မြင်ဖူးတယ်ပေါ့။ ဒါပေမဲ့ သူက တော့ ယနေ့ညမှ သူမကိုမြင်ဖူးတာပါ။ အခုလို မြင်မြင်ချင်းမှာ ပဲ သူ့ရင်ထဲအရမ်း ရင်းနှီးသလိုကြီး ခံစားနေရပါ၏။

"ငါ အလုပ် လုပ်ပါတယ်"

"ဟုတ်လို့ လား။ ငါကတော့ နင် ဂစ်တာတီးနေချည်းပဲတွေ့တယ်"

"ငါက လျှပ်စစ်ပစ္စည်းပြင်ဆိုင်မှာ လုပ်တာလေ။ ညဖက်ပြင်တယ်။ တစ်နေ့လုံး ဂစ်တာတီးတယ်"

"လျှပ်စစ်ပစ္စည်းဆိုတာ…"

"အစုံပဲပေါ့။ ပေါင်းအိုး၊ မီးပူ၊ ပန်ကာ အကုန်ပေါ့"

"ဟုတ်လား? နင်ကိုယ်တိုင်ဖွင့်ထားတဲ့ ဆိုင်လား?"

သူ လျှပ်စစ်ပစ္စည်းဆိုင်မှာ အလုပ်လုပ်တာကို ကြားလိုက်ရတဲ့ ခဏလေးအတွင်း သူမက တကယ့်ကိုပျော်သွားပါ၏။ ဒါဆို သေချာပါပြီ။ သူမမှာ အကြောင်းတစ်ခုခုရှိနေလို့ သူ့ကို အတင်းကြီးလာရောနေတာပဲဖြစ်ရမည်။

တွေးကြည့်လေ။ ဘယ်မိန်းကလေးက အခုလို လူသွားလူလာနည်းတဲ့ လမ်းတွင် အရမ်းအေးနေတဲ့ ကြားက တစ်ယောက်တည်း ဂစ်တာတီးနေတဲ့ ယောကျာ်းလေးကို အဖက်လုပ်ပြီး စကားလာပြောမှာ တဲ့ လဲ။ ဒါပေမဲ့ သူမက စကားလာပြောတဲ့ အပြင် ကော်ဖီပါလာတိုက်နေသေး

တယ်။

နောက်ပြီး သူ့တွင် ချစ်သူရှိပါတယ်ဆိုပြီးလည်း အတင်းကြီး စွပ်စွဲနေပြန်သေးသည် ။ ဒါ တစ်ခုခုတော့၊ တစ်ခုခုပဲဖြစ်ရပါမည်။

" မဟုတ်ဘူး ။ အဲဒါ ငါ့အဖေဖွင့်ထားတဲ့ ဆိုင်။ ငါက ဝိုင်းကူလုပ်ပေးတာ"

"ဒါဆို နင် ပန်ကာပြင်တတ်တယ်ပေါ့"

"ပြင်တတ်တာပေါ့"

"ဒါဆို အတော်ပဲ။ ငါ့စာကြည့်စားပွဲပေါ်မှာ တင်တဲ့ ပန်ကာလေး ပျက်နေတယ်ဟ။ ငါလည်း ဘယ်မှာ ပြင်ရမယ်မှန်း မသိသေးတာနဲ့ မပြင်တာ။ နင် ပြင်ပေးမလား။ ငါမနက်ဖြန် ယူခဲ့ပေးမယ်"

ချက်ချင်းကြီး သူမပန်ကာက ပျက်နေသည် တဲ့ ။ ဒါဆို သူတွေးနေတာ မှန်နိုင်ပါသည် ။ သူမက တစ်ခုခုတော့၊ တစ်ခုခုဆိုတာလေ။

"ပြင်ပေးမလားလို့ "

"အေး... ပြင်ပေးမယ်လေ"

တကယ်တော့ သူ စကားလွှယ်လွှယ် ပြောလိုက်ခြင်းပင်ဖြစ်ပါသည် ။ ဘယ်သူက ပန်ကာတစ်လုံးပြင်ဖို့ ကို ဒီလိုကြီး တကူးတကန့်သယ်လာမတဲ့ လဲ။ ဒီမိန်းကလေး သူ့ကို သက်သက်လာစားနေခြင်းသာ ဖြစ်လိမ့်မည်ဟု လည်း တွေးလိုက်မိပါသေးသည် ။

"တကယ်နော်"

"အေးပါ"

"ဒါဆို မနက်ဖြန် ငါ ပန်ကာယူခဲ့မယ်"

"ယူခဲ့လေ"

"ဒါဆို... သွားပြီ။ တာ့တာ"

"အေး... တာ့တာ"

သူမ သူ့ကိုနှုတ်ဆက်ကျောခိုင်းပြီး ထွက်သွားပါသည် ။ သူ ဂီတာလေးကို ကီးညှိနေရင်း ထွက်သွားသည့် သူမကိုငေးကြည့်ကာ အတွေးနယ်ချဲ့ရပါ တော့သည် ။ ယောက်ျားလေးတစ်ယောက်ကို အသည်းအသန်ရောနေသည့် မိန်းကလေးတစ်ယောက်။

သူမ ရုပ်ကလည်း ချစ်စရာ ကောင်းသည့် မျက်နှာပေါက်လေး။

ဒီလိုမျက်နှာလေးနဲ့ ဘယ်ယောက်ျားလေးကိုမဆို နှစ်ခါကြည့်စရာမလိုပါ။ သူမနောက်က ကောက်ကောက်ပါ အောင်လိုက်သွားမည်ပဲဖြစ်ပါသည် ။ ဒါတောင် သူ့လို မြင်းလှည်းဂိတ်က လူတစ်ယောက်ကို အသားလွတ်ကြီး စကားလာပြောနေသေးသည် ။

သူမ ဘယ်လိုလူစားမျိုးပါလိမ့်။ သူမ ဘာလိုချင်တာပါလိမ့်။ ခင်ချင်ရုံသက်သက်လား။ ဘာတွေလဲ။

ဒါမှ မဟုတ်... ခရီးသွားဟန်လွဲ သူ့ကို ဝင်ကာ စ,နောက်သွားခြင်းပေပဲလား။

ထိုနေ့ညက သူ အိမ်အပြန်လမ်းတွင် သူမအကြောင်းကို တစ်လမ်းလုံးစဉ်းစားသွားရပါသည် ။ အိမ်ရောက်သည့် တိုင် သူ ဆက်စဉ်းစားမိနေပါသေး ၏။

***